Exera's Statement of Principles is intended to outline the core principles to which Exera is committed. All of these principles are amplified in all organizational policies and procedure.

1. **Mission**

To be Myanmar's leading Security Company and Trusted Risk Management Partner with excellence in service delivery relying on technology.
Exera is providing the services for our customers' people, assets and business operations.

2. **Values**

**Integrity and Ethics** – We are open and honest by operating with integrity and providing an open, positive work environment in which all colleagues are treated with respect and dignity.
Exera will demonstrate conformance with standards of ISO, the Voluntary Principles of Security & Human Rights, Myanmar Labour Law and International Standards which state in the Statement of Conformance policy (**POL-ALL-12**).

**Excellence in Delivery** –We deliver our services excellently to consistently meet and occasionally even exceed customers' expectations with continued effort of our team makes to improve our services on a daily basis.

**Innovation** – We provide integrated security solutions through our research, professional networks, expertise, innovation together with a culture of continuous improvement.
We always attempt to develop new services in connection with missions relying on technology that improve customer experience and for internal business process efficiency.

Exera ၏စည်းမျဉ်းဥပဒေသဆိုသည်မှာ Exera တွင် အသုံးချနေသော အဓိကစည်းကမ်းများကို အကြမ်းဖျင်းဖော်ပြရန် ရည်ရွယ်ပါသည်။ ထိုစည်းကမ်းဥပဒေသအားလုံးကို အသေးစိတ်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် အသေးစိတ်ဖော်ပြထားပါသည်။

**၁။ မျှော်မှန်းချက်**

မြန်မာနိုင်ငံ၏ ထိပ်တန်းလုံခြုံရေးကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာကို အခြေခံ၍ ဝန်ဆောင်မှုပေးအပ်ခြင်းတွင် ထူးချွန်သော ယုံကြည်စိတ်ချရသော Risk Management ကိုလုပ်ဆောင်သော လုပ်ဖော်ကိုင်ဖက် ဖြစ်လာစေရန်ဖြစ်သည်။
Exera သည် လုပ်ငန်းအပ်နှံသူများနှင့် အပ်နှံများ၊ ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ဝန်ဆောင်မှုများကို ပေးနေပါသည်။

**၂။ စံနှုန်းများ**

**ရိုးသားမှုနှင့်ကျင့်ဝတ်များ** - ကျွန်ုပ်တို့သည် ရိုးသားမှုဂုဏ်ကိုစောင့်ထိန်းပြီး ပွင့်လင်းမြင်သာပြီး အပြုသဘောဆောင်သော အလုပ်ပတ်ဝန်းကျင်ကို ဖြစ်လာစေရန် ပံ့ပိုးဆောင်ရွက်ပါသည်။
လုပ်ဖော်ကိုင်ဖက်များအားလုံးကို သာတူညီမျှဖြင့် လေးစားစွာ ဂုဏ်သိက္ခာရှိရှိ ဆက်ဆံဆောင်ရွက်ပါသည်။ Exera သည် ISO ၏စံနှုန်းများ၊ Voluntary Principles of Security & Human Rights၊ Statement of Conformance policy (POL-ALL-12) တွင်ဖော်ပြထားသော International Standardsများ၊ မြန်မာနိုင်ငံ အလုပ်သမားဥပဒေများနှင့် အားလုံးနှင့် ကိုက်ညီအောင် ဆောင်ရွက်လုပ်ဆောင်ပါသည်။

**ထူးချွန်စွာ ဆောင်ရွက်လုပ်ဆောင်နိုင်ခြင်း** - ကျွန်ုပ်တို့သည် ဝန်ဆောင်မှုများကို လုပ်ငန်းအပ်နှံသူများ၏ မျှော်မှန်းချက်များနှင့်ကိုက်ညီစေရန် နှင့် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် အမြဲမပြတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိပြီး နေ့စဉ်စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေပါသည်။

**တီထွင်ဆန်းသစ်ခြင်း** - ကျွန်ုပ်တို့သည် ဘက်ပေါင်းစုံရှိ ပေါင်းစပ်လုံခြုံရေး အဖြေရှာခြင်းများကို စနစ်တကျသုတေသနပြုလုပ်ခြင်း၊ ကျွမ်းကျင်သော နယ်ပယ်ကွန်ယက်များမှတဆင့်ရှာဖွေခြင်း တီထွင်ဆန်းသစ်မှု၊ ကျွမ်းကျင်မှု တို့မှတဆင့် စဉ်ဆက်မပြတ်တိုးတက်နေစေရန် ဆောင်ရွက်နေပါသည်။
လုပ်ငန်းအပ်နှံသူများ၏ လုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေမှုများ ရှိစေရန်အတွက် နည်းပညာကိုအသုံးပြုပြီး မစ်ရှင်များနှင့်ဆက်စပ်၍ ဝန်ဆောင်မှုအသစ်များ ဖော်ဆောင်ရန် ကျွန်ုပ်တို့ အမြဲကြိုးစားနေပါသည်။

**Transparency –** We operate with openness, transparent communication, honesty and accountability to establish trust and goodwill by building and preserving the company's reputation.

We always commit to admit for any issue instead of trying to cover them up, and working to make things right with customers in its business dealings.

**Ownership –** We undertake full responsibility & accountability on the results of our actions for both internal & external stakeholders as commitment to deliver the highest quality of service and delivered in a timely manner.

**People** – We make every effort to attract, train, invest and retain excellent motivated people who are the source of our success.

## 3. Management Philosophy

Exera's management will embody the principles of openness, transparency and respect in dealing with colleagues, clients and the communities we work in. Exera will apply energetic and positive leadership, mentorship and teamwork to develop a cohesive and supportive team that involves staff at every level of the company.

## 4. Compliance

Exera will always adhere to the letter and spirit of applicable national and international laws.

## 5. Human Rights and Security

Exera support the principles outlined in the "Universal Declaration of Human Rights", the "European Declaration of Human Rights", the "Voluntary Principles on Human Rights and Security", and the "International Code of

**ပွင့်လင်းမြင်သာမှု** - ကျွန်ုပ်တို့သည် ရိုးသားပြီး ပွင့်လင်းမြင်သာမှုရှိသော ဆက်သွယ်ရေးပုံစံဖြင့် လုပ်ဆောင်ပြီး တာဝန်သိမှုနှင့် ယုံကြည်မှုများ တည်ဆောက်ကာ ကုမ္ပဏီ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းရန် အမြဲဆောင်ရွက် လုပ်ဆောင်နေပါသည်။

ကျွန်ုပ်တို့သည် ပြဿနာတစုံတရာရှိခဲ့ပါလျှင်လဲ ၎င်းတို့ကို ဖုံးကွယ်ရန် ကြိုးစားနေမည့်အစား မည်သည့်ပြဿနာကိုမဆို ရိုးသားပွင့်လင်းစွာ ဝန်ခံမည်ဖြစ်ပြီး လုပ်ငန်းအပ်နှံသူများနှင့်၎င်းတို့၏လုပ်ငန်းတွင် မှန်ကန်မှုရှိစေရန် လုပ်ဆောင်ပါမည်ဟု ကျွန်ုပ်တို့က အမြဲတမ်း ကတိပြုပါသည်။

**တာဝန်ယူမှုရှိခြင်း -** ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ၏ ရလဒ်များအပေါ်တွင် အပြည့်အဝ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိပြီး Company အတွင်းနှင့် လုပ်ငန်းအပ်နှံသူ အစရှိသော အကျိုးတူလုပ်ဆောင်သူများ အပေါ် ကောင်းမွန်သော ဝန်ဆောင်မှုအရည်အသွေးကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ပါမည်ဟု ကတိကဝတ်ပြုပါသည်။

**ဝန်ထမ်းများ** -ကုမ္ပဏီတိုးတက်အောင်မြင်ခြင်း၏ အဓိကဖြစ်သော ဝန်ထမ်းစွမ်းရည်တိုးတက်ရေးအတွက် သင်တန်းပေးခြင်း၊ ရင်းနှီးမြှုပ်နှံရန်နှင့် တက်ကြွသည့်ဝန်ထမ်းကောင်းများကို ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရန် အမြဲကြိုးပမ်းအားထုတ် လျက်ရှိပါသည်။

## ၃။ စီမံခန့်ခွဲမှု သဘောတရားအမြင်

Exera၏ စီမံခန့်ခွဲမှု ဆိုင်ရာ အဖွဲ့အစည်းသည် ကျွန်ုပ်တို့နှင့်အတူ လုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ဖော်ကိုင်ဖက်များ ၊ လုပ်ငန်း အပ်နှံသူများ၊ အဖွဲ့အစည်းများအားလုံးနှင့် လုပ်ငန်း ဆောင်ရွက်ရာ တွင် စည်းကမ်းပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့်လေးစားလိုက်နာမှု တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ Exera သည် ကုမ္ပဏီ တစ်ခုလုံး၏ ဝန်ထမ်းအဆင့်ဆင့်အားလုံး ပါဝင်သော စည်းလုံးညီညွတ်၍ အထောက်အပံ့ ပေးနိုင်သည့် အသင်းတစ်ခု အဖြစ် တိုးတက်စေရန် မှန်ကန်သော ခေါင်းဆောင်မှု အရည်အသွေး ၊ အသင်း အဖွဲ့စိတ်ဓာတ်တို့ကို ကျင့်သုံးလျက်ရှိပါသည်။

## ၄။ စည်းကမ်းလိုက်နာခြင်း

Exeraသည် မြန်မာနိုင်ငံ နှင့် အပြည်ပြည်ဆိုင်ရာ စာ၊ ဥပဒေ များကို အမြဲတမ်း လိုက်နာဆောင်ရွက်ပါသည်။

## ၅။ လူ့အခွင့်အရေး နှင့် လုံခြုံရေး။

Exera သည် Universal Declaration of Human Rights, the European Declaration of Human Rights, the Voluntary Principles on Human

Conduct for Private Security Service Providers". The Montreux Document on Pertinent International Legal Obligations and Good Practices for States Related to Operations of Private Military and Security Companies During Armed Conflict
Its employees will not be complicit in human rights abuses.

Rights and Security, and the International Code of Conduct for Private Security Service Providers. The Montreux Document on Pertinent International Legal Obligations and Good Practices for States Related to Operations of Private Military and Security Companies During Armed Conflict စသည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အခြေခံ၍ စည်းကမ်းများကို ပံ့ပိုးထားပါသည်။
Exera ဝန်ထမ်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ပတ်သတ်ခြင်းမပြုရ။

### 6. <u>Licensing</u>

Exera supports the application of transparent and fair licensing systems, and seeks to ensure the maintenance of the highest possible standards.

### ၆။ <u>လိုင်စင်</u>

Exera သည် ပွင့်လင်းမြင်သာမှုရှိ၍ မျှတမှုရှိသော လိုင်စင် စနစ်ပုံစံများကို ထောက်ပံ့ပေးထားပြီး အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းထားရှိလျက်ရှိသည်။

### 7. <u>Use of Force</u>

Exera is committed to the use of minimal force and lawful in the conduct of its security operations, in accordance with international best practices.

### ၇။ <u>အင်အားအသုံးပြုခြင်း</u>

Exera သည် နိုင်ငံတကာ အကောင်းဆုံး စံညွှန်းများ နှင့် အညီ ၄င်းနှင့် ပတ်သက်သော လုံခြုံရေးဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများ ကို ဆောင်ရွက်ရာတွင် အနည်းဆုံးအင်အားကိုသာလျှင် အသုံးပြုရန်နှင့် တရားဥပဒေနှင့် အညီ ပြုမူဆောင်ရွက်ရန် လိုက်နာကျင့်သုံးလျက်ရှိသည်။

### 8. <u>Corruption</u>

Exera personnel will not accept anything of value that could be perceived as an inducement or bribe during the course of their work. Similarly, Exera personnel will not offer or provide inducements of any kind to potential clients or government authorities.

### ၈။ <u>လာဘ်စားခြင်း</u>

Exera ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အလုပ်နှင့် ပတ်သက်၍ပစ္စည်းတစ်စုံတစ်ရာ လာဘ်ပေးလာဘ်ယူမှုများကို လက်ခံလိမ့်မဟုတ်ပေ။ အလားတူ Exera ဝန်ထမ်းများ သည် လုပ်ငန်းအပ်နှံသူနှင့် အစိုးရဆိုင်ရာအာဏာပိုင် များအား လာဘ်ထိုးခြင်း ပြုလုပ်လိမ့်မည် မဟုတ်ပါ။

### 9. <u>Conflict of Interest</u>

Exera will not use confidential information gained in the course of its work for gain other than as contracted, or enter into any activity that may result in a conflict of interest between Exera and its clients.

### ၉။ <u>သဘောထား ကွဲလွဲမှု</u>

Exera သည် ၄င်းနှင့် လုပ်ငန်းလက်ခံသူ ကြား အထင်လွဲနိုင်စေမည့် သဘောထားကွဲလွဲမှုများမပေါ်ပေါက်စေရန် လျှို့ဝှက်ထားသော သတင်းအချက်အလက်များ ကို လုပ်ငန်းတွင် အသုံးပြုမည်မဟုတ်။

### 10. <u>Confidentiality and Non-Disclosure</u>

Exera ensures all client and partner information relating to lawful activities is closely protected.

### ၁၀။ <u>အတွင်းရေးလျှို့ဝှက်ချက် နှင့် မထုတ်ပြန်ချက်</u>

Exera သည် လုပ်ငန်းအပ်နှံသူများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံသူများ၏ အတွင်းရေးလျှို့ဝှက် သတင်းအချက် အလက်များကို ဥပဒေနှင့်လျော်ညီစွာ ကာကွယ်ထားပါသည်။

**11. Quality**

Exera is committed to maintaining client satisfaction through the use of quality procedures that are operated to meet or exceed the ISO 9001 standard.

**Employment Practices**

12. **Hiring**

Employee selection and recruitment is carried out according to objective criteria applied equitably to all candidates. Exera ensures new employees have the necessary skills to enable them to carry out their duties, and background checks are carried out prior to employment to ensure that personnel:

- have no criminal record;
- have no past responsibility for human rights violations or violations of international humanitarian law; and
- have not been dishonorably discharged from the police or armed forces.

13. **Records**

Exera maintains accurate employee records in a database of its employees, past and present.

**14. Training and Professionalism**

Exera acknowledges the importance of training at all levels. It recognizes that basic training and continual refresher and development are crucial to the maintenance of professional standards.

**15. Working Conditions**

Exera acknowledges the importance of maintaining good, safe and humane working conditions. Exera always operates according to national laws and regulatory standards and international best practices regarding safe working conditions.

**၁၁။ အရည်အသွေး**

Exera သည် ISO 9001 စံနှုန်းအရည်အသွေးနှင့်အညီ အရည်အသွေးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နှုန်းများကို အသုံးပြု၍ လုပ်ငန်းအပ်နှံသူများကို ကျေနပ်မှုရစေရန် ဆောင်ရွက် လျက်ရှိသည်။

**ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း**

**၁၂။ ဝန်ထမ်းခန့်ထားခြင်း**

Exera သည် ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် အရည်အသွေးပြည့်မီသော ဝန်ထမ်းများ ရရှိနိုင်ရန် သတ်မှတ်ထားသော အချက်များနှင့်အညီ ရွေးချယ်ခန့်ထား လျက်ရှိသည်။ Exera သည်လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံသော ဝန်ထမ်းအသစ်များ ခန့်ထားရာတွင် သတ်မှတ်ထားသော တာဝန်များကို ထမ်းဆောင်နိုင်ရန် နှင့် ၎င်းတို့အား အလုပ်မခန့်မီ ၎င်းတို့၏ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော နောက်ခံ အခြေအနေများကို စစ်ဆေးပြီးမှသာလျှင် အလုပ်ခန့်အပ်ပါသည်။

- ရာဇဝတ်မှု ကင်းရှင်းခြင်း၊
- အတိတ်မှ လူ့အခွင့်အရေးဥပဒေ နှင့် သက်ဆိုင်သော ချိုးဖောက်မှုများ၊
- စစ်တပ်နှင့်ရဲဘက်ဆိုင်ရာ မှ ထုတ်ပယ်ခံရခြင်း၊

**၁၃။ မှတ်တမ်းများ**

Exeraသည် အတိတ်နှင့်လက်ရှိဝန်ထမ်းရေးရာမှတ်တမ်းများကို သေချာမှန်ကန်စွာ ထိန်းသိမ်းထားပါသည်။

**၁၄။ သင်တန်းပေးခြင်း နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း**

Exeraသည် သင်တန်းပေးခြင်း၏အရေးပါမှု များကို သေချာစွာနားလည်သဘောပေါက်ထားပါသည်။ အခြေခံ သင်တန်းများနှင့် ပြန်လည်မွမ်းမံသင်တန်းပေးခြင်းသည် ကျွမ်းကျင်မှုစံနှုန်းများကို ထိန်းသိမ်းထားရှိရန် အရေးကြီးသည်ဟု Exera သည် ခံယူထားလျက်ရှိသည်။

**၁၅။ အလုပ်အခြေအနေ**

Exera သည် အန္တရာယ်ကင်း၍ ကောင်းမွန်သော လုပ်ငန်းခွင်၏အရေးကြီးပုံကို လက်ခံပါသည်။ Exera သည် အန္တရာယ်ကင်း၍ ကောင်းမွန်သော လုပ်ငန်းခွင် နှင့် ပတ်သက်၍ နိုင်ငံဥပဒေ၊ထိန်းသိမ်းထားသောစံနှုန်းများနှင့် အကောင်းဆုံး နိုင်ငံတကာဥပဒေများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက် လျက်ရှိသည်။

**16. <u>Compensation and Benefits</u>**

Exera provides all employees with a contract of employment setting out the terms and conditions of their employment. Employees are remunerated appropriately and in a timely fashion.

**<u>၁၆။လျော်ကြေးနှင့်အကျိုးအမြတ်</u>**

Exera သည် ဝန်ထမ်းများကို ၎င်းတို့၏ အလုပ်ရှင်၊အလုပ်သမား နှစ်ဦးသဘောတူစာချုပ် အတိုင်းပါရှိသော အချက်များနှင့် လျော်ညီစွာ စီစဥ်ပေးထားပါသည်။ ဝန်ထမ်းများသည် သင့်လျော်သောလုပ်ခကြေးငွေ ကို အမြန်ဆုံးရရှိမည်။

**17. <u>Health and Safety</u>**

Exera ensures Myanmar's national standards of health and safety are surpassed and that all health and safety risk assessments are conducted to a high standard. Exera complies with the international standard for occupational health and safety.

**<u>၁၇။ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး</u>**

Exera သည် မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး စံနှုန်းများထက် သာလွန်အောင် အသုံးပြုပြီး  ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေး ချင့်ချိန်ဆုံးဖြတ်ချက်များအား အဆင့်မြင့်ဆုံး စံချိန် များဖြင့် စီမံခန့်ခွဲသည်။ Exera သည် အလုပ်အကိုင်နှင့် သက်ဆိုင်သော နိုင်ငံတကာ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေး စံနှုန်းများကို လိုက်နာပါသည်။

**18. <u>Equality of Opportunity</u>**

Exera supports the principles of employment equity and ensures each employee is fully integrated and not subject to discrimination on the grounds of ethnicity or social background, skin colour, union affiliation, sex, religion, political opinion, nationality, or sexual orientation.

**<u>၁၈။ သာတူညီမျှအခွင့်အရေး</u>**

Exera သည် မြန်မာနိုင်ငံ၏အလုပ်ခန့်ထားမှု ဆိုင်ရာ စည်းကမ်းများ ညီမျှမှုရစေရန်၊ ထောက်ပံထားရန်နှင့် ဝန်ထမ်းတိုင်းသည် အပြည့်အစုံ ပေါင်းစပ်ဖွဲ့စည်းထားပြီး ကျား၊မခွဲခြားခြင်း၊ နိုင်ငံသား၊အသားအရောင်၊လူမျိုးစု၊နိုင်ငံရေးအမြင်၊မျိုးစုခြင်းပေါင်းစပ်မှု အကြောင်းတရားများပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိပါ။

19. **<u>Work and Life Balance</u>**

Exera recognizes the right balance needs to be found between service quality and ensuring the quality of the employee's personal life. Exera organizes with its employees to minimize negative impacts on personal life caused by overtime, night work and weekend work.

**<u>၁၉။ အလုပ်မျှတမှုရှိခြင်း</u>**

Exera သည် ဝန်ဆောင်မှုအရည်အသွေး နှင့် ဝန်ထမ်း တစ်ယောက်၏ သေချာသော အရည်အသွေး ကြားတွင် မှန်ကန်သော ညီမျှချက် ရှိရမည်ဟု နားလည် သဘော ပေါက်ပါသည်။ ညဘက်အချိန်ပိုအလုပ်ချိန်များ နှင့် စနေ၊ တနင်္ဂနွေအလုပ်ချိန်များကြောင့် ဝန်ထမ်းများ၏ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များတွင်   ဖြစ်ပေါ်လာနိုင်သော အပြုသဘော မဆောင်သည့် သက်ရောက်မှု များ ကို နည်းနိုင်သမျှ နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။

**20. <u>Cultural and Political Sensitivity</u>**

Exera respects different points of view, cultural patterns and work habits, and its staff works without prejudice or bias regardless of nationality, sex, religion or culture. Workplace behaviour is expected to be neutral, professional and respectful in respect of these subjects.

**<u>၂၀။ ယဥ်ကျေးမှု နှင့် နိုင်ငံရေးသိမ်မွေ့နူးညံ့မှု</u>**

Exera သည်  မတူညီသော  အမြင် ၊ယဥ်ကျေးမှု အနုပညာ များ နှင့် အလုပ်အကျင့်များ အပြင် နိုင်ငံသား၊ လိင်၊ ကိုးကွယ်သည့် ဘာသာ၊ယဥ်ကျေးမှု စသည့်အချက်များကို ထည့်သွင်းမစဥ်းစားပဲ  ဝန်ထမ်းများ  အလုပ်တွင် ဘက်လိုက်ခြင်း၊ ထိခိုက်နစ်နာစေမှု  မရှိစေရန် လေးစားလိုက်နာပါသည်။လုပ်ငန်းခွင်အတွင်းအမူအကျင့် များသည် ပညာရှင်ပီသပြီး လေးစား၍ ကြားနေစိတ်များ ဖြစ်ပေါ်စေရန် မျော်လင့်ပါသည်။

**21. <u>Drugs and Alcohol</u>**

Exera personnel will be unintoxicated at all times while on duty. The use of illegal drugs by Exera personnel is strictly prohibited at any time. The use of legal or prescribed drugs at a workplace without prior medical and HR approval is also prohibited.

**<u>၂၁။ မူးယစ်ဆေးနှင့်အရက်သေစာ။</u>**

Exera ဝန်ထမ်းများသည် အလုပ်ချိန်အတွင်း အရက်သေစာ သောက်စားခြင်း မပြုရ။ တရားမဝင် မူးယစ်ဆေးဝါး အသုံးပြုခြင်း ကိုလည်း တင်းကျပ်စွာတားမြစ်ထားပါသည်။ တရားဝင် သို့မဟုတ် ပြဌာန်းထားသော ဆေး များ အား ဆေးကုသခြင်း နှင့် HR ဌာနမှ ထောက်ခံချက် မပါခဲ့လျှင် အသုံးပြုခွင့် တားမြစ်ထားသည်။

**Relationship with Stakeholders**

**စီးပွားရေးလုပ်ငန်းတစ်ရပ်တွင်အစုရှယ်ယာပါဝင်များ နှင့် ဆက်ဆံရေး**

**22. <u>Relationship with Clients</u>**

Exera will seek to represent the best interests of its clients in a transparent manner in accordance with these principles. Exera applies ISO 9001 compliant quality processes to its client interactions.

**<u>၂၂။ လုပ်ငန်းအပ်နှံသူများ နှင့် ဆက်ဆံရေး</u>**

Exera သည် လုပ်ငန်းအပ်နှံသူများ၏အကောင်းဆုံး အကျိုးကျေးဇူးများ အတွက် ထိုပြဌာန်းထားသော ဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းများကို ပုံဖော်ရှာဖွေဆောင်ရွက်ပါသည်။ Exera သည် လုပ်ငန်းအပ်နှံသူများ၏ တုံ့ပြန်မှုများကို ISO 9001 အရည်အသွေးစီစစ်ခြင်းဖြင့် လိုက်နာဆောင်ရွက်လျက်ရှိသည်။

23. **<u>Relationship with Competitors</u>**

Exera operates fairly in relation to other private security companies. It will not compete by means of anti-competitive practices or by compromising professional standards. It will not collude with competitors to artificially increase market prices or artificially lower costs.

**<u>၂၃။ ပြိုင်ဘက်များနှင့် ဆက်ဆံရေး</u>**

Exera သည် အခြားလုံခြုံရေး ကုမ္ပဏီများနှင့် ဆက်ဆံရာတွင် လည်း မျှတစွာ လုပ်ငန်းဆောင်ရွက်ပါသည်။ Exera သည် လုပ်ငန်း ကျွမ်းကျင်မှုစံနှုန်းများကို လျှော့ချခြင်းဖြင့်သော် လည်းကောင်း၊ ယှဉ်ပြိုင်မှုအလေ့အကျင့်များကို ဆန့်ကျင့်၍ သော်လည်းကောင်း ပြိုင်ဆိုင်လိမ့်မည် မဟုတ်ပေ။ ပြိုင်ဘက်များနှင့်လည်း လိမ်လည် လှည့်ဖြား ပူးပေါင်း၍ နှုန်းထားများ မြင့်၍သော်လည်းကောင်း ၊နိမ့်၍သော်လည်းကောင်း ပြုလုပ်လိမ့်မည် မဟုတ်ပါ။

**24. <u>Relationship with Security Forces</u>**

Exera facilitates rule of law by working with lawful security forces to provide information necessary for law enforcement and crime prevention, while respecting client confidentiality and ensuring that any information provided does not lead to abuse of authority by security forces.

**<u>၂၄။ လုံခြုံရေးအင်အားစုများနှင့် ဆက်ဆံရေး</u>**

Exera သည် လုပ်ငန်းအပ်နှံသူများ၏ လျှို့ဝှက်ချက်များကို လေးစားပြီး လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် သတင်းအချက် အလက်များကို အာဏာအလွဲသုံးစားလုပ်၍ ရယူခြင်းရှိ/မရှိ သေချာစေရန် ရာဇဝတ်မှုမှကာကွယ်ခြင်း နှင့် ဥပဒေ အရ လိုအပ်သော သတင်းအချက်အလက်များကို အခြေခံ၍ အလုပ်လုပ်ခြင်းအားဖြင့် ၏ ပြဌာန်းထားသော ဥပဒေစည်းကမ်းများကို လေးစားလိုက်နာလျက်ရှိသည်။

**25. <u>Relationship with Other Parties</u>**

Exera is not affiliated with any political movements or parties, paramilitary or criminal groups, or national justice and security agencies in any manner that contravenes national law or the spirit of Exera's principles.

**<u>၂၅။ အခြားပါတီ၊လုပ်ငန်းစုများနှင့် ဆက်ဆံရေး</u>**

Exera သည် နိုင်ငံဥပဒေများ နှင့် Exera ၏ စည်းမျဉ်းများကို ချိုးဖောက်နိုင်မည့် နိုင်ငံရေးလှုပ်ရှားမှုများ (သို့မဟုတ်) အခြား ပါတီ၊နိုင်ငံတစ်နိုင်ငံ၏ တပ်မတော်နှင့်စင်ပြိုင်စစ်တပ်ကဲ့သို့သော

### 26. Relationship with Environment

Exera will minimize its impact on the environment through prevention of pollution, thoughtful use of natural resources, and mitigation of waste.



**Aurelien Tirode**
**General Manager**

လက်နက်ကိုင် (သို့မဟုတ်) ပြစ်မှုကျူးလွန်သူ အဖွဲ့အစည်းများ (သို့မဟုတ်) နိုင်ငံတရားရုံးများ နှင့် လုံခြုံရေး အေဂျင်စီ များ၏ ပြုမူဆောင်ရွက်ချက်များ နှင့် ဆက်သွယ်ပေါင်းစည်းမှု မပြုလုပ်ပါ။

### ၂၆။သဘာဝပတ်ဝန်းကျင် နှင့် ဆက်ဆံရေး

Exera သည်စွန့်ပစ်ပစ္စည်း လျော့နည်းစေခြင်း၊သဘာဝအရင်း အမြစ်များကို စဉ်းစားတွေးတော၍အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကြိုတင်ကာကွယ်ခြင်း အစရှိသောပတ်ဝန်းကျင်အပေါ်တွင် သက်ရောက်မှုများကို နည်းနိုင်သမျှ နည်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။